# Third Sunday in Ordinary Time - C

## 1st READING: *Neh 8:2-4a, 5-6, 8-10*

နေဟမိမှတ်စာ ၈း ၂–၄၊ ၅–၆၊ ၈–၁၀

ကျမ်းတတ်ဆရာဧဇရသည်နားထောင်နားလည်နိုင်သမျှသောပရိသတ်ယောကျ်ားမိန်းမတို့ရှေ့သို့သတ္တမလပဌမနေ့ရက်တွင်၊ ပညတ္တိကျမ်းကိုယဇ်ပုရောဟိတ်ဧဇရသည်ဆောင်ခဲ့၍၊ နားလည်နိုင်သောသူ၊ ယောကျ်ားမိန်းမတို့ရှေ့မှာ၊ နံနက်အချိန်မှစ၍ မွန်းတည့်အချိန်တိုင်အောင်ရေတံခါးလမ်းတွင်ဘတ်ရွတ်လေ၏။ လူအပေါင်းတို့သည်ပညတ္တိကျမ်းကားကိုစေ့စေ့နားထောင်ကြ၏။ သူတို့လုပ်ကြသောတရားဟောရာသစ်သားပလ္လင်ပေါ်မှာကျမ်းတတ်ဆရာဧဇရသည်ရပ်၏။ ထိုသို့ဧဇရသည်လူအပေါင်းတို့ထက်သာ၍မြင့်လျက်၊လူအပေါင်းတို့ရှေ့မှာကျမ်းစာကိုဖွင့်သောအခါ၊လူအပေါင်းတို့သည်ထကြ၏။ ဧဇရသည်မြတ်စွာဘုရားသခင်ထာဝရဘုရားကိုကောင်းကြီးပေး၏။ လူအပေါင်းတို့ကအာမင်၊အာမင်ဟုလက်တို့ကိုချီလျက်၊ဝန်ခံ၍ဦးချပြပ်ဝပ်လျက်၊ ထာဝရဘုရားကိုကိုးကွယ်ကြ၏။ ထိုသို့ဘုရားသခင်၏ပညတ္တိကျမ်းစာကိုသေချာစွာဘတ်ရွတ်၍အနက်ကိုပြန်သဖြင့်၊ လူများနားလည်စေခြင်းငှါ ပြုကြ၏။ ဤနေ့ရက်သည်သင်တို့၏ဘုရားသခင်ထာဝရဘုရားအဘို့၊ သန့်ရှင်းသောနေ့ရက်ဖြစ်၏။ ငိုကြွေးမြည်းတမ်းခြင်းကိုမပြုကြနှင့်။ သွားကြလော။ မြိန်စွာသောအစာကိုစားကြလော့။ ချိုသောအရည်ကိုသောက်ကြလော့။ ဆင်းရဲသောသူတို့အားဝယ်မျှကြလော့။ ဤသည်နေ့ရက်သည်ငါတို့ဘုရားရှင်ဘို့သန့်ရှင်း၏။ ဝမ်းမနည်းကြနှင့်။ ထာဝရဘုရားပေးတော်မူသောအခွင့်နှင့်အားယူ၍ဝမ်းမြောက်ကြလောဟုလူအပေါင်းတို့အားဆိုကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  19: 8, 9, 10, 15
## ဆာလံကျမ်း ၁၉

**သံပြိုင်။** ။ သခင်ယေရှုးပြောသောစကားများသည်ဝိညာဉ်နှင့်အသက်ဖြစ်ကြ၏။

၁။ ။ ထာဝရဘုရား၏ဥပဒေတို့သည်မှန်ကန်ကြ၍စိတ်နှလုံးအားဝမ်းမြောက်ရွှင်လန်းစေ၏။ ထာဝရဘုရား၏ပညတ်တော်သည်စင်ကြယ်တော်မူသည်ဖြစ်၍မျက်စေ့များကိုအလင်းပေးတော်မူ၏။**(သံပြိုင်)**

၂။ ။ ထာဝရဘုရားကိုကြောက်ရွံ့ရိုသေခြင်းသည်သန့်ရှင်း၍အစဉ်တည်၏။ ကိုယ်တော်၏စီရင်ချက်များသည်သစ္စာတရားနှင့်ညီ၍၊ တစ်ညီတစ်ညွတ်တည်းဖြောင့်မတ်ကြ၏။ **(သံပြိုင်)**

၃။ ။ တပည့်တော်၏နှုတ်မှထွက်သောစကားများနှင့်တပည့်တော်နှလုံးသား၏အကြံအစည်များသည်ကိုယ်တော်၏မျက်မှောက်တော်၌လက်ခံဘွယ်ရာဖြစ်ပါစေ။ တပည့်တော်၏ကျောက်ဆောင်တော်နှင့်ကယ်တင်ရှင်ဖြစ်တော်မူသောအိုထာဝရဘုရား။ **(သံပြိုင်)**

## 2nd READING: *1 Cor 12:12-30*
**ကော်ရင့်သုဩဝါဒပထမစာစောင် ၁၂း၁၂–၃၀**

ညီအစ်ကိုတို့၊ လူ့ခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၍ကိုယ်အင်္ဂါအစိတ်အပိုင်းများစွာရှိကြ၏။ ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းများသည်အရေအတွက်များစွာရှိကြသော်လည်းခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၏။ခရစ်တော်သည်လည်းထိုနည်းတူဖြစ်၏။ ထိုနည်းတူစွာငါတို့သည်ဂျူးလူမျိုးဖြစ်စေ၊လူမျိုးခြားဖြစ်စေ၊ကျွန်ဖြစ်စေ၊လွတ်လပ်သူဖြစ်စေ၊ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့်ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ဆေးကြောခြင်းမင်္ဂလာခံယူကြ၏။ ငါတို့အားလုံးလည်းဝိညာဉ်တော်တစ်ပါးတည်းမှသောက်သုံးကြ၏။ လူ၏ကိုယ်ခန္ဓာတွင်အင်္ဂါအစိတ်အပိုင်းတစ်ခုတည်းသာရှိသည်မဟုတ်၊များပြားလှသောအင်္ဂါအစိတ်အပိုင်းများရှိ၏။ခြေကငါသည်လက်မဟုတ်သောကြောင့်ကိုယ်ခန္ဓာနှင့်မဆိုင်ဟုဆိုရုံမျှနှင့်ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းတစ်ခုမဖြစ်ဘဲနေသည်မဟုတ်။ နားကငါသည်မျက်စိမဟုတ်သောကြောင့်ကိုယ်ခန္ဓာနှင့်မဆိုင်ဟုဆိုယုံမျှနှင့်ယင်းသည်ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းပင်မဖြစ်ဘဲနေသည်မဟုတ်။ ကိုယ်ခန္ဓာတစ်ခုလုံးသည်မျက်စိသာဖြစ်ခဲ့ပါလျှင်မည်ကဲ့သို့ကြားနိုင်မည်နည်း။ ကိုယ်ခန္ဓာတစ်ခုလုံးသည်နားသာဖြစ်ခဲ့ပါလျှင်မည်ကဲ့သို့အနံ့ခံမည်နည်း။ သို့ရာတွင်ဘုရားသခင်အလိုတော်ရှိတော်မူသည့်အတိုင်းကိုယ်ခန္ဓာတွင်အင်္ဂါအစိတ်အပိုင်းအသီးသီးကိုသူ့နေရာနှင့်သူရှိစေတော်မူ၏။ အင်္ဂါအစိတ်အပိုင်းများသည်တစ်ခုတည်းသာဖြစ်ခဲ့ပါလျှင်ကိုယ်ခန္ဓာသည်အဘယ်မှာနည်း။ အမှန်စင်စစ်အင်္ဂါအစိတ်အပိုင်းများစွာရှိပြီးကိုယ်ခန္ဓာတစ်ခုတည်းသာရှိ၏။ ထို့ကြောင့်မျက်စိကလက်အားသင့်ကိုအလိုမရှိဟုမဆိုနိုင်၊ ထို့အတူဦးခေါင်းကလည်းခြေအားသင့်ကိုငါအလိုမရှိဟုမဆိုနိုင်ချေ။ အားနည်းဟန်ရှိသောအင်္ဂါတို့သည်မရှိမဖြစ်အသုံးဝင်ကြ၏။ အရေးမပါဟုထင်ရသောအင်္ဂါအစိတ်အပိုင်းများကိုပို၍ပင်ငါတို့ဂရုစိုက်ကြရ၏။ တင့်တယ်ခြင်းမရှိသောကိုယ်အင်္ဂါအစိတ်အပိုင်းများကိုသိက္ခာကိုသိက္ခာရှိစွာဝတ်ဆင်ပေးရ၏။ လှပတင့်တယ်ပြီးဖြစ်သောအင်္ဂါအစိတ်အပိုင်းများကိုမူကားမွမ်းမံစရာမလိုချေ။ ဂုဏ်ငယ်သောကိုယ်အင်္ဂါအစိတ်အပိုင်းများကိုပို၍ဂုဏ်ကျက်သရေရှိလာစေရန်ဘုရားသခင်ကိုယ်တော်တိုင်းကိုယ်ခန္ဓာကိုဖွဲ့စည်းထားတော်မူ၏။ သို့ဖြစ်၍ကိုယ်အင်္ဂါအစိတ်အပိုင်းများသည်စိတ်ဝမ်းကွဲပြားမှုမရှိဘဲအချင်းချင်းတစ်ခုနှင့်တစ်ခုအကျိုးပြုလျှက်ရှိပေသည်။ အကယ်၍ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုသည်ဝေဒနာခံစားရလျှင်အခြားသောအစိတ်အပိုင်းများသည်လည်းအတူခံကြရ၏။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုသည်ချီးမွမ်းခြင်းခံရလျှင်အခြားအစိတ်အပိုင်းများလည်းအတူဝမ်းမြောက်ကြ၏။ သင်တို့သည်ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ကြ၏။ သင်တို့တစ်ဦးစီသည်ထိုကိုယ်ခန္ဓာတော်၏အင်္ဂါအစိတ်အပိုင်းများဖြစ်ကြ၏။ အမိအသင်းတော်ထဲတွင်ပဌမနေရာ၌တမန်တော်များကိုလည်းကောင်း၊ ဒုတိယနေရာ၌ပရောဖက်များကိုလည်းကောင်း၊ တတိယနေရာ၌ဆရာများကိုလည်းကောင်း၊ ထို့နောက်တန်ခိုးလက္ခဏာပြသောသူတို့ကိုလည်းကောင်း၊ အနာရောဂါများကိုပျောက်ကင်းစေနိုင်သောတန်ခိုးရရှိသူများကိုလည်းကောင်း၊ သူတစ်ပါးကိုကူညီသူများ၊ ရှေ့ဆောင်လမ်းပြနိုင်စွမ်းရှိသူများ၊ဘာသာစကားအမျိုးမျိုးကိုပြောနိုင်သူများအသီးသီးတို့ကိုလည်းကောင်းခန့်ထားတော်မူ၏။ သူတို့အားလုံးသည်တမန်တော်များဖြစ်ကြပါသလော၊ အားလုံးသည်ပရောဖက်များဖြစ်ကြပါသလောအားလုံးသည်ဆရာများဖြစ်ကြပါသလော၊ အားလုံးသည်တန်ခိုးလက္ခဏာပြနိုင်သောသူများဖြစ်ကြပါသလော။သူတို့အားလုံးသည်အနာရောဂါပျောက်ကင်းစေကြပါသလော၊သူတို့အားလုံးသည်ဘာသာစကားအမျိုးမျိုးကိုပြောဆိုနိုင်ကြပါသလော။သူတို့အားလုံးသည်ဘာသာစကားအမျိုးမျိုး၏အနက်အဓိပ္ပါယ်ပြန်ဆိုနိုင်ကြပါသလော။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Lk 1:1-4; 4:14-21*

ရှင်လုကာဧဝံဂေလိကျမ်း ၁း၁–၄၊ ၄း၁၄–၂၁

များစွာသောသူတို့သည်ငါတို့၌ဖြစ်ပျက်ခဲ့ပြီးသောဖြစ်ရပ်များကိုမှတ်တမ်းတင်ရန်တာဝန်ယူခဲ့ကြ၏။ အစဦးကပင်မျက်မြင်သက်သေနှင့်နှုတ်ကပတ်တော်အမှုတော်ဆောင်ဖြစ်ခဲ့သူများကငါတို့အားလက်ဆင့်ကမ်းခဲ့သည့်အတိုင်း၊ အိုမြတ်သောသီအိုဖိလုငါသည်ထိုဖြစ်ရပ်အလုံးစုံတို့ကိုအချိန်ယူ၍သေချာစွာလေ့လာခဲ့ပြီးနောက်သင့်အတွက်ရေးသားပေးလျှင်သင့်လျော်မည်ဟုငါဆုံးဖြတ်မိ၏။ ဤသို့ဖြင့်သင်လေ့လာခဲ့သောအကြောင်းအရာများ၏အမှန်တရားကိုသိရှိနားလည်စေနိုင်ငါသည်ဤကျမ်းကိုရေးသားပြုစုလိုက်ပါသည်။ သခင်ယေရှုသည်ဝိညာဉ်တော်၏တန်ခိုးနှင့်ပြည့်ဝလျက်ဂါလိလေနယ်သို့ပြန်လာတော်မူ၏။ သတင်းတော်သည်လည်းထိုဒေသတစ်လျှောက်လုံးတွင်ပြန်နှံ့သွားလေ၏။ ကိုယ်တော်သည်သူတို့၏တရားဇရပ်များ၌သွန်သင်တော်မူ၍၊ လူအပေါင်းတို့သည်ကိုယ်တော်ကိုချီးမွမ်းကြ၏။ ကိုယ်တော်သည်မိမိကြီးပြင်းတော်မူခဲ့သောနာဇရက်မြို့သို့ကြွလာတော်မူသောအခါ၊ မိမိထုံးစံအတိုင်းဥပုသ်နေ့၌တရားဇရပ်ထဲသို့ဝင်တော်မူ၍၊ ကျမ်းစာဖတ်ရှုခြင်းငှာထတော်မူလျှင်သူတို့သည်ကိုယ်တော်အားပရောဖက်အိဇာယ၏ကျမ်းကိုပေးကြ၏။ ကိုယ်တော်သည်ကျမ်းစာလိပ်ကိုဖွင့်တော်မူလျှင်တွေ့တော်မူသောကျမ်းချက်မှုကား၊ ထာဝရဘုရား၏ဝိညာဉ်တော်သည်ငါ့အပေါ်၌ရှိတော်မူ၏။ အကြောင်းမူကား၊ဆင်းရဲသားတို့အားဝမ်းမြောက်ရာသတင်းကိုဟောပြောစေခြင်းငှာငါ့ကိုဆီဖြင့်လိမ်းကျံတော်မူပြီ။ ချုပ်နှောင်ခံရသောသူတို့အားလွှတ်မြောက်ခြင်းကိုကြေညာရန်နှင့်မျက်စိမမြင်သောသူတို့အားမျက်စိအလင်းကိုပေးရန်လည်းကောင်း၊ ဖိနှိပ်ခံရသော သူတို့အားကယ်ဆယ်စေခြင်းငှာလည်းကောင်း၊ သခင်ဘုရား၏ကျေးဇူးတော်မင်္ဂလာနှစ်ကိုကြေညာရန်လည်းကောင်းကိုယ်တော်သည်ငါ့ကိုစေလွှတ်တော်မူ၏ဟူသောကျမ်းပိုဒ်ကိုဖတ်ကြားတော်မူ၏။ ထို့နောက်သခင်ယေရှုသည်ကျမ်းစာကိုလိပ်ပြီးလျှင်တရားဇရပ်မှူးအားပြန်ပေး၍၊ ထိုင်တော်မူ၏။ တရားဇရပ်၌ရှိသောလူအပေါင်းတို့သည်လည်းကိုယ်တော်ကိုစေ့စေ့ကြည့်နေကြ၏။ကိုယ်တော်ကလည်းယခုသင်တို့ကြားရသောကျမ်းစကားသည်ယနေ့ပင်ပြည့်စုံခြင်းသို့ရောက်လေပြီဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်။